# ဘုရားကျောင်းမှဖယောင်းတိုင်များ

မကြာသေးခင်အချိန်ကဘဲ ကျွန်တော်တို့ရပ်ကွက်ထဲမှာ လျှပ်စစ်မီးသေသွားပါတယ်။ ဒါကြောင့်လည်း အမှောင်ထုအတွက် အလင်းရောင်ကို ပေးဖို့ လိုအပ်လာတဲ့အတွက် ကျွန်တော်လည်း ဖယောင်းတိုင်များကိုထားရှိရာ အခန်းငယ်သို့ မှန်းပြီးလာခဲ့ပါတယ်။ ထိုအခန်းထဲကိုရောက်လို့ မီးခြစ်ကလေးကိုခြစ်ပြီး ကြည့်လိုက်ရာ ဖယောင်းတိုင်(၄)တိုင်ကို တွေ့လိုက်ရပါတယ်။ ဤဖယောင်းတိုင်လေးတိုင်စလုံးဟာ တဝက်တပျက်အသုံးတော်ခံထားပြီးသားဖြစ်ပါတယ်။ သူတို့ကို မီးထွန်းညှိပြီးယူသွားရုံနှင့် အဆင်သင့်အသုံးပြုနိုင်တဲ့အနေအထားကလေးမှာရှိနေကြပါတယ်။ ဒါနဲ့ဘဲ ကျွန်တော်လည်း ဖယောင်းတိုင်(၄)တိုင်စလုံးကို မီးထွန်းညှိလိုက်ပါတယ်။ ဒီအခါမှာ ကျွန်တော့်ရဲ့ပစ္စည်းသိုလှောင်ရာ အခန်းငယ်တစ်ခုလုံးဟာ မီးရောင်ကြောင့် လင်းထိန်သွားပြီး အဲဒီအချိန်ကစပြီး ပြတ်သားသောမြင်ကွင်းနဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို ပြန်လည်မြင်တွေ့ရပါတယ်။ ဤအခန်းသို့ဝင်လာစဉ်အဝင်ဝတွင် ဒူးခေါင်းနဲ့တိုက်မိခဲ့သော ရေခဲသေတ္တာမှစ၍ အလုပ်လုပ်ရန် ပစ္စည်းများတို့ဟာလည်း ဤအခန်းထဲမှာ ဖရိုဖရဲနှင့်ရှိနေတာကို ဤဖယောင်းတိုင်ရဲ့ အလင်းရောင်ကြောင့်သာ ပြန်လည်မြင်တွေ့လာရတာကို သတိထားမိပါတယ်။ ဒါနဲ့ဘဲ ကျွန်တော်လည်း ဖယောင်းတိုင်များအားကြည့်ရင်း ဝမ်းသာအားရဖြစ်ကာ “ကြည့်စမ်း အလင်းရောင်ရှိခြင်းရဲ့တန်ဖိုးဟာ ကြီးမားလှပါလား။ ဂိုဒေါင်လိုအခန်းမျိုးမှာတောင် မင်းတို့ရဲ့အလင်းရောင်ဟာ ဒီလောက်ထိအသုံးဝင်မယ်ဆိုရင် မင်းတို့ကို သိပ်လိုအပ်နေတဲ့နေရာတွေကို ခေါ်သွားရင် ဘာတွေဖြစ်လာမလဲဆိုတာကို မင်းတို့စောင့်ကြည့်ပေတော့။ မင်းတို့ကို ဒီကနေခေါ်သွားပြီးလျှင် ထမင်းစားခန်းမှာ ပထမဖယောင်းတိုင်ကလေးကို ထားမယ်။ အဲဒါဆိုရင် ထမင်းစားကြတော့မယ့် သူတွေအတွက် အခက်အခဲ မရှိနိုင်တော့ဘူး။ ဒုတိယဖယောင်းတိုင်လေးကို ငါစာဖတ်နေတဲ့နေရာမှာထားမယ်။ တတိယဖယောင်းတိုင်လေးကိုတော့ ငါ့အမျိုးသမီး ဇာခြည်ထိုးအချုပ်အလုပ်လုပ်တဲ့နေရာမှာ ထားပေးချင်တယ်။ စတုတ္ထဖယောင်းတိုင်လေးကတော့ အကြီးဆုံးဖြစ်၍ မင်းကိုတော့ ဧည့်ခန်းအကြီးကြီးမှာထားမယ်”လို့ ဖယောင်းတိုင်(၄)တိုင်ကို တိုင်တည်၍စကားပြောမိပါတယ်။ ကျွန်တော်လည်း ဖယောင်းတိုင်များနှင့် ယခုလိုစကားပြောနေမိပါလားလို့ ပြန်လည်စဉ်းစားမိသွားတဲ့အခါ မိမိကိုယ်မိမိရှက်သလိုလို မလုံမလဲဖြစ်မိပါတယ်။

အရှုးနဲ့တော့တူပါတယ်။ ဒါပေမယ့် မီးပျက်ပြီးဆိုရင် လူတွေ ဘယ်လိုခံစားရသလဲဆိုတာ အားလုံးသိကြပါတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း ကိုယ့်စိတ်ကူးနဲ့ ကိုယ်ပျော်ရွှင်စွာဖြင့် အကြီးဆုံး ဖယောင်းတိုင်ကိုထည့်ထားတဲ့ ခွက်ကလေးရဲ့လက်ကိုင်ကလေး ကိုယူမရင်း လှည့်ထွက်မယ်လည်းလုပ်ရော “အခု ရှိတဲ့နေရာမှာ ချက်ချင်းရပ်” လို့ ပြောသံ ကိုကြားရ၍ ခဏရပ်ရင်း “ဒီအခန်း ထဲမှာ တယောက်ယောက်ရှိနေတယ်”လို့ စဉ်းစားမိသွားပါတယ်။ ပြီးမှ “အော ငါထင်လို့ပါ၊ မဖြစ်နိုင်ပါဘူး၊ ငါကဖယောင်းတိုင် တွေနဲ့ စကားပြောနေတယ်ဆိုတော့လည်း ဇနီးသည်က ငါ့ကို စတာဘဲဖြစ်ရမယ်”လို့ စဉ်းစားမိသွားပါတယ်။ ဒါကြောင့် ကျွန်တော်လည်း “ရှင်မရေ၊ ကိုယ့်ကိုမစပါနဲ့ကွာ”လို့ ဇနီးသယ်ကို တိုင်တည်ပြီးစကားပြောပေမယ့် နောက်ထပ်ဘာသံမှမကြားရ ပြန်ပါဘူး။ ဒါကြောင့်“ဒါဆိုရင် လေတိုက်တဲ့အသံဘဲဖြစ်မှာပါ” လို့ ခံယူရင်း ခြေလှမ်းပြင်မိချိန်မှာဘဲ အသံတစ်ခုထပ်ပြီးထွက် လာပြန်ပါတယ်။“ရပ်ပါလို့ ကျွန်တော်ပြောနေတယ်လေ”လို့ ဆိုလာတော့ကျွန်တော်လည်း “ဘယ်သူစကား ပြောနေပါသလဲ” လို့ မေးလိုက်ရာ “ကျွန်တော်” လို့ တဖက်က ဖြေကြားပါတယ်။ “ဘယ်ကကျွန်တော်လဲ၊ ဘာလဲ . . . ဘယ်သူ လဲ” လို့ ထပ်မေး ရာ “ကျွန်တော်ဖယောင်းတိုင်၊ ခင်ဗျားလက်ထဲ ကဖယောင်းတိုင် ဘဲ” လို့ ပြန်ဖြေပါတယ်။ ကျွန်တော်လည်း အရမ်းအံ့အားသင့် သွားပြီး ထိုဖယောင်းတိုင်ကို ကြည့်လိုက်မိပါတယ်။ သစ်သား ခွက်ထဲတွင် ကျကျနနထိုင်နေသောအနီ ရောင်ဖယောင်းတိုင် ကိုယ်တိုင်ကတောက်ပတဲ့ အလင်းရောင်ကိုပေးရင်း ကျွန်တော့် ကို စကားပြောတာဖြစ်နေပါတယ်။ ကျွန်တော်လည်း ဇဝေဇဝါ ဖြစ်ရင်း အခြားကိုလိုက်ကြည့်မိရာ ထိုဖယောင်းတိုင်က “ဒီမှာ မင်းရယ် ငါရယ် အခြားဖယောင်းတိုင်တွေရယ်ဘဲရှိတယ်” လို့ပြန်ပြောတဲ့အတွက် ထိုဖယောင်းတိုင်အနီကို သေသေချာချာ အနီးကပ်ကြည့်တော့မှ ထိုဖယောင်းသားပေါ်တွင် မျက်နှာတစ်ခု ကို တွေ့လိုက်ရပါတယ်။ အလွန်သေးငယ်သော မျက်နှာတစ်ခု ကို ဖယောင်းတိုင်ပေါ်မှာ တွေ့ရတယ်လို့ပြောရင် ခင်ဗျားတို့ယုံ မှာ မဟုတ်ပါဘူး။ အဲဒီမျက်နှာဟာ ဖယောင်းတိုင်ပေါ်မှာ ဖယောင်းသားနဲ့ ထွင်းထုထားတဲ့ မျက်နှာမျိုးမဟုတ်ဘူးလို့ ပြောရင်ရော ယုံကြမှာလား။ ခင်ဗျားတို့ယုံမယ် မထင်ပါဘူးလို့ ကျွန်တော်ပြောခဲ့ပြီးပြီဘဲ။ ယခုအခါမှာ ထိုအသက်ဝင်လှုပ်ရှား ရွေ့လျားနေတဲ့ မျက်နှာရှိသူက ကျွန်တော့်ကိုစကားပြောနေ ပါပြီ။ “ခင်ဗျား ကျွန်တော့်ကို ဒီနေရာက နေယူမထုတ်သွားရ ဘူး” လို့ပြောတာနဲ့ ကျွန်တော်က “ဘာပြောတယ်”လို့ မေးလိုက် ပါတယ်။ ဒီအခါ ဖယောင်းတိုင်ငယ်က “ကျွန်တော်ပြောနေ

တယ်။ ခင်ဗျား ကျွန်တော့်ကို ဒီအခန်းထဲကနေ မထုတ်သွားပါနဲ့”လို့ ပြန်ပြောပါတယ်။ ဒီအခါ ကျွန်တော်ကလည်း “ခင်ဗျားဘာကို ဆိုလိုတာလဲ၊ ခင်ဗျားကို ကျွန်တော် ခေါ်ထုတ်သွားရမှာဘဲ၊ ခင်ဗျားဟာ ဖယောင်းတိုင်ပါ။ ခင်ဗျား ရဲ့အလုပ်ကအလင်းပေးရမယ့်အလုပ် ဖြစ်ပါတယ်။ အပြင်မှာ မှောင်နေတယ်။ လူတွေ ခလုတ်တိုက်မိပြီးလဲနေကုန်ကြပြီ၊ နံရံနဲ့ ဆောင့်မိနေကုန်ကြပြီ၊ ခင်ဗျားတို့အားလုံး လူတွေရှိရာ အပြင်လောကထဲကို ထွက်ပြီး အလင်းပေးရမယ်” လို့ ပြောလိုက်ပါတယ်။

ဒီအခါ ထိုဖယောင်းတိုင်က “ခင်ဗျားကျွန်တော့်ကို ခေါ်ထုတ်သွားချင်တိုင်း ခေါ်ထုတ်သွားလို့ မရပါဘူး။ ကျွန်တော် အဆင်သင့် မဖြစ်သေးဘူး”လို့ ပြောခြင်းနှင့်အတူ သူ့မျက်လုံးတွင် ဆင်ခြေတက်ချင်တဲ့ပုံ ပေါ်နေပါတယ်။ “ကျွန်တော်ပိုပြီးပြင်ပြင်ဆင်ဆင်ဖြစ်ဖို့ လိုသေးလို့ပါ”လို့ သူဆက်ပြီးအကြောင်းပြပြန်ပါတယ်။ ကျွန်တော်လည်း ကိုယ့်မျက်စိကိုကိုယ်မယုံနိုင်ဖြစ်ရင်း “အလင်းပေးဖို့ကိစ္စမှာ ကြိုတင်ပြင်ဆင်ချက်များရှိဖို့လိုလို့လား” ဟူ၍ မေးကြည့်မိပါတယ်။ ဒီအခါ ထိုဖယောင်းတိုင်က “ဒါပေါ့၊ လိုတာပေါ့၊ ဒါကြောင့် အလင်းပေးတဲ့အလုပ်ကိစ္စနဲ့ပတ်သက်ပြီး သုတေသနပြုရင်း စေ့စေ့ပေါက်ပေါက် နှိုက်နှိုက်ချွတ်ချွတ် စူးစမ်းဖို့ကိစ္စကို အရင်လုံးပမ်းရအုံးမယ်။ အဲဒီတော့မှ တကယ်တမ်းလုပ်ငန်းခွင်ကိုဝင်ရင် အမှားအယွင်းတွေကိုလုပ်မိတော့မှာ မဟုတ်ဘူး။ တကယ်တမ်းကျတော့ အလေ့အကျင့်မရှိထားတဲ့ ဖယောင်းတိုင်တွေက ထွက်တဲ့အလင်းရောင်ဟာ ဘယ်လောက်ထိပုံပျက်ပန်းပျက်ဖြစ်သွားနိုင်သလဲဆိုတာ ခင်ဗျားသိရင် ခင်ဗျား အံ့သြသွားလိမ့်မယ်။ ဒါကြောင့် “အလင်းပေးခြင်း”ဆိုတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ကျွန်တော်ဆက်လေ့လာဖို့ကလုံးဝလိုအပ်တယ်။ ကျွန်တော်တို့လိုဖယောင်းတိုင်တွေကို လေကြမ်းတိုက်ရင် မီးမငြိမ်းသွားဖို့ကလည်းအရေးကြီးတယ်။ ဒါကြောင့်ဖယောင်းတိုင်တွေမှာလည်း ခုခံအားရှိဖို့လိုအပ်တဲ့ အတွက် အဲဒါနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ရေးသားပြုစုထားတဲ့စာအုပ်ကိုတော့ ကျွန်တော်ဖတ်လို့ပြီးသွားပါပြီ။ ယခုလောလောဆယ်ကက်ဆက်၊ တိတ်ခွေတပုံနဲ့ ကျွန်တော်အလုပ်များနေပါတယ်။ အဲဒီတိတ်ခွေတွေကတော့ မီးစာဂျိုးမတက်ဖို့၊ မီးစာမပြုန်းတီးဖို့နဲ့ မီးစာကို သိုထား၊ ထိန်းသိမ်းထားနိုင်ဖို့ကိစ္စတွေနဲ့ ပတ်သက်တဲ့တိတ်ခွေတွေပါဘဲ။ ယခုလည်း ကျွန်တော်နာမည်ကြီးစာအုပ်တစ်အုပ်ကို ဖတ်နေပါသေးတယ်။ “မီးတောက်မီးလျှံကို ခင်းကျင်းပြသခြင်း”တဲ့၊ ခင်ဗျား အဲဒီစာအုပ်ကိုကြားဘူးပါသလား”လို့ သူမေးပါတယ်။ ဒါနဲ့ ကျွန်တော်လည်း

"မကြားဘူးပါဘူး"လို့ဘဲ ပြန်ဖြေလိုက်ပါတယ်။ ဒီအခါ ဖယောင်းတိုင်က "ခင်ဗျားဖတ်ဖြစ်ရင်ကြိုက်လိမ့်မယ်"လို့ပြောပါတယ်။ ဒါနဲ့ကျွန်တော်လည်း "ခင်ဗျားပြောနေတာတွေကို ကြားရတာကလည်း တကယ့်ကို. . . . . . " အဲဒီလိုပြောရင်းနဲ့ ပြောနေတဲ့ စကားကိုပင် ကျွန်တော်ဆက်ချင်စိတ်မရှိတော့ပါဘူး။ "ငါဒီမှာ ဘာလုပ်နေတာလဲ၊ ငါ့မိန်းမနဲ့ကလေးတွေ အမှောင်ထဲမှာ ဒုက္ခရောက်နေချိန် ငါကဒီဖယောင်းတိုင်နဲ့အချိန်ကုန်ခံပြီး စကားပြောနေမိတယ်"လို့ စဉ်းစားမိသွားပါတယ်။ ဒါကြောင့်လည်း "ကောင်းပြီလေ၊ စင်ပေါ်မှာမင်းအပြင် အခြားဖယောင်းတိုင် တွေရှိပါသေးတယ်။ မင်းကိုငါမီးမှုတ်ပြီးတော့ အခြားဖယောင်းတိုင်တွေကိုဘဲယူသွားတော့မယ်"လို့ ပြန်ပြောလိုက်မိပါတယ်။ ဒီလိုစကားပြောနေစဉ်မှာဘဲ ကျန်တဲ့ဖယောင်းတိုင် (၃)တိုင်စလုံးက သူတို့လည်း မသွားနိုင်ကြောင်း တညီတညွတ်တည်း ငြင်းဆိုကြပါတယ်။

ကျွန်တော်လည်း အသံလာရာဖက်သို့ လှည့်ကြည့်လိုက်ရာ ဖယောင်းတိုင်သုံးတိုင်စလုံးမှာ မျက်နှာကိုယ်စီရှိကြပြီး၊ သူတို့ရဲ့သေးငယ်တဲ့မျက်နှာရဲ့အပေါ်ဖက်မှာရှိတဲ့ မီးစာကတော့ တောက်လောင်လျှက် မီးလျှံကလည်း ထိန်လင်းလျှက်ရှိနေကြပါတယ်။ ကျွန်တော်လည်း "မင်းတို့တတွေဟာ ဖယောင်းတိုင်တွေမှန်ရင် မင်းတို့ရဲ့အလုပ်က အမှောင်ထုအတွက် အလင်းပေးရမှာ မဟုတ်လား"လို့ မေးလိုက်ပါတယ်။ ဒီအခါ ဘယ်ဖက်ထောင့်မှာရှိတဲ့ ပိန်ပိန်ရှည်ရှည်ဖယောင်းတိုင်က "ခင်ဗျားက ကျွန်တော်တို့အလင်းပေးဖို့သွားသင့်တယ်လို့ ပြောပေမယ့် ကျွန်တော်ကတော့မအားသေးပါဘူး"လို့ ပြန်ဖြေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း "မအားဘူးဟုတ်လား"လို့မေးလိုက်ရာ "ဟုတ်တာပေါ့ ကျွန်တော်ကတရားထိုင်နေတာပါ"။ အလင်းရောင်ရဲ့ အရေးကြီးမှုအကြောင်း စဉ်းစားလေ စိတ်ဝင်စားစရာကောင်းလေမို့ တရားထိုင်ပြီး အာရုံပြုချင်ပါသေးတယ်" လို့ဖြေပါတယ်။

ဒါနဲ့ကျွန်တော်လည်း "ကောင်းပါတယ်၊ ကောင်းပါတယ် မင်းတို့ရဲ့လုပ်ငန်းတာဝန်တွေအတွက် အမှားမရှိအောင် အချိန်ယူလေ့လာတာ၊ စဉ်းစားတာ၊ တရားထိုင်တာတွေအားလုံးဟာ သိပ်ကောင်းပါတယ်။ ဒါပေမယ့် မင်းတို့တတွေ ဒီအခန်းထဲကို ရောက်နေတာ အချိန်အတော်လေးကြာသွားပြီ။ ဒီလောက်များတဲ့အချိန်ရခဲ့ပြီးတာတောင် မင်းတို့တရားထိုင်လို့ မဝနိုင်ကြသေးဘူးလား။ စဉ်းစားလို့ မပြီးနိုင်ကြသေးဘူးလား" လို့ မေးလိုက်မိပါတယ်။

ဒီလိုနဲ့ ကျန်တဲ့ဖယောင်းတိုင်(၂)တိုင်အား "မင်းတို့ရော ဒီမှာဘဲ နေကြတော့မလို့လား"လို့ မေးမိပါတယ်။ ဒီအခါ

ဝဝပုပုနဲ့ခရမ်းရောင်ဖယောင်းတိုင်က “ကျွန်တော့်ဘဝကို ကျွန်တော်အခြေကျဖို့လုပ်နေရပါတယ်။ ပြီးတော့ ကျွန်တော့်မှာ စိတ်မရှည်တဲ့ ပြဿနာလည်းရှိနေပါတယ်။ စိတ်မြန်တယ်ဘဲထား လိုက်ပါတော့။ ဒါကြောင့် ကျွန်တော်နဲ့တော့ ဒီအလင်းပေးခြင်း အလုပ်က မဖြစ်သေးပါဘူး” လို့ဖြေပါတယ်။ ဒီအချိန်မှာ နောက်ဆုံးဖယောင်းတိုင်မှ အမျိုးသမီးအသံထွက်ပေါ်လာပြီး “ကျွန်မကတော့ ကူညီချင်ပါတယ်။ ဒါပေမယ့် အမှောင်ထုကို အလင်းပေးဖို့ဆိုတဲ့ ‘ဆုကျေးဇူး’ ကို ကျွန်မ မရရှိလိုက်ပါဘူး။ အားလည်းမသန်ပါဘူး။ ပြီးတော့ ကျွန်မကိုယ်တိုင်ကလည်း စိတ်မဝင်စားလို့ပါ။ ကျွန်မကသီချင်းဆိုဖို့လောက်ကိုဘဲ စိတ်ဝင် စားပါတယ်။ အခြားဖယောင်းတိုင်တွေကို ကျွန်မသီချင်းဆို ရင်းအားပေးရတယ်။ ဒီတော့မှ သူတို့အရောင်ဟာ ပိုပြီးတောက် တောက်ပပဖြစ်လာမယ်။ ခွန်အားရှိရှိနဲ့ အလင်းရောင်ပေးနိုင် မယ်”လို့ ပြောပြီးတာနဲ့ သူမဟာ အလင်းပေးခြင်းနဲ့ ပတ်သက် တဲ့သီချင်း "This Little Light of Mine, I'm gonna let it shine" ကို ဘာမပြော ညာမပြောနဲ့ စဆိုလိုက်ပါတယ်။ အမှန်အတိုင်း ဝန်ခံရရင်တော့ သူမရဲ့အသံ သိပ်ကောင်းပြီး သိပ်ချိုသာလှ ပါတယ်။ ယခုလိုသူမသီချင်းစဆိုတဲ့အခါမှာ ကျန်တဲ့ဖယောင်း တိုင်များလည်း သူမနဲ့အတူဝိုင်းဆိုကြလို့ အခန်းတစ်ခုလုံးမှာ သီချင်းသံတွေနဲ့ပြည့်လျှံသွားပါတယ်။ ဒါနဲ့ ကျွန်တော်က “သီချင်းဆိုတာလည်းဆိုပါ။ လင်းစရာရှိတာလည်း လင်းပါ။ ‘လင်း’ ရင်း ‘ဆို’လို့ရတာဘဲ။ လာပါ။ အမှောင်ထုက မင်းတို့ ကိုသိပ်လို အပ်ချိန်မှာ အပြင်လောကကိုထွက်ကြရအောင်။ ပြီးတော့အပြင်ရောက်ရင်လည်း သီချင်းဆက်ဆိုလို့ ရပါသေး တယ်” လို့ ပြောတာကို သူတို့မကြားကြတော့ပါဘူး။ ဖယောင်း တိုင်(၄) တိုင်သား ဆူညံနေအောင်သီချင်းဆိုရင်း သူတို့အာရုံက အဲဒီ သီချင်းထဲမှာဘဲ နစ်မျောလို့နေပါတယ်။ နောက်ဆုံးမှာတော့ ဒီဖယောင်းတိုင် (၄)တိုင်စလုံးရဲ့ ‘အသုံးမခံလိုခြင်း’အတွက် ကျွန်တော်လည်း ‘ဖြစ်မှဖြစ်ရလေ’လို့ဘဲ တွေးမိသွားရင်း သူတို့ကို သူတို့ရှိရာနဂိုနေရာမှာ ဒီအတိုင်းပြန်ထားခဲ့ရပါတော့တယ်။ အကောင်းကြီးရှိသေးတဲ့ ဖယောင်းတိုင်(၄)တိုင်ဟာ သန်မာပြီး အလင်းပေးနိုင်လျှက်နှင့်ပင် တစ်ဦးအတွက်တစ်ဦး သီချင်းဆို ပေးရင်း ဒီအခန်းထဲက ထွက်ဖို့ငြင်းဆိုနေကြပါတယ်။ ကျွန်တော် လည်း ကြိုးစားလို့ မအောင်မြင်တဲ့အခါ လက်လျှော့ပြီး တတိုင် ပြီးတတိုင်ကို မီးမှုတ်လိုက်ရပါတော့တယ်။ နောက်ဆုံးအမျိုးသမီး အသံပိုင်ရှင်ဖယောင်းတိုင်ပြောတဲ့ “စာတန်ကို ကျွန်မရဲ့ဘဝမှာ တော့ အဝင်မခံနိုင်ပါဘူးရှင်။ စာတန်သာဆိုရင် ကျွန်မရဲ့ဟော

ဒီမီးကို ဘယ်တော့မှမမှုတ်စေရဘူး။ တကယ်ပါ ကျွန်မရဲ့ ဟော ဒီမီးစာကို ဘယ်တော့မှ ကျွန်မ အမှုတ်မခံနိုင်ပါဘူးရှင်”လို့ ဆိုတာကို ကျွန်တော်ကြားထား၊ သိထားလျှက်နှင့်ပင် အဲဒီမီးစာ နေရာတည့်တည့်ကို ကျွန်တော်မီးမှုတ်ရင်း ငြိမ်းသတ်ခဲ့ရပါတော့တယ်။ ဒီလိုနဲ့ အခန်းထဲက ကျွန်တော်ပြန်ထွက်လာချိန် အခန်းအဝင်ဝမှာ ခလုတ်တိုက်မိခဲ့တဲ့ရေခဲသေတ္တာကို ယခုတဖန်ပြန်လည်၍ ခလုတ်တိုက်မိရုံမက ဇနီးသည်ကိုပင် ခလုတ်တိုက်မိပြန်ပါတော့တယ်။ ဇနီးသည်က “ရှင်သွားယူမယ်ဆိုတဲ့ ဖယောင်းတိုင်တွေရော”လို့မေးရာ ကျွန်တော်က “သူတို့မလာချင်ကြဘူး။ သူတို့ အမှောင်ထုအတွက်အလုပ်မလုပ်ချင်ကြဘူး။ မင်းအဲဒီ ဖယောင်းတိုင်တွေကို ဘယ်ကဝယ်လာခဲ့တာလဲ ညီမ” လို့ မေးမိရာ ဇနီးသည်က “အောအဲဒါတွေလား၊ အဲဒါတွေက မြို့ထဲက ဘုရားကျောင်းကြီးက ဖယောင်းတိုင်တွေပါဘဲ၊ အဲဒီ ဘုရားကျောင်းကြီးကို ပိတ်ရဖို့ဖြစ်လာတာနဲ့ ဝယ်လာလိုက်တာပါဘဲ၊ အခြားနေရာမှာများ အသုံးတဲ့မလားလို့ပါ”လို့ ပြန်ဖြေပါတယ်။

ဒီတော့ ကျွန်တော်လည်း “သြ၊ သြ၊ ဟုတ်လား။ သဘောပေါက်ပါပြီ၊ သဘောပေါက်ပါပြီ”လို့ဘဲ ရေရွတ်မိပါတော့တယ်။

*** ထိုနည်းတူ၊ သူတပါးတို့သည် သင်တို့၏ကောင်းသော အကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှာ၊ သူတပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။ (မဿဲ ၅း၁၆)။*

*စတယ်လာဝေ*

*Max Lucado ၏ Light Of The ... Storage Closet?*

*From God Came Near ကို*

*ဆီလျော်အောင်ဘာသာပြန်ဆိုသည်)*